မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသို့ ထောက်ပံ့ငွေပေးရေးဥပဒေ

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသို့ ထောက်ပံ့ငွေပေးရေး ဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၃]

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်တွင် နိုင်ငံရေး အရ ဦးဆောင်မှုပေးနေသည့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသည် နိုင်ငံတော်ကို အလုပ်အကျွေးပြုနိုင်စေရေးအလို့ငှာ ယင်းပါတီအတွက် လိုအပ်မည့်ထောက်ပံ့ငွေများကို နိုင်ငံတော်ကပင် တာဝန်ယူရန် လိုအပ် ပါသည်။ ထို့ကြောင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအား နိုင်ငံတော် ဘဏ္ဍာငွေမှ ထောက်ပံ့ငွေများ ထုတ်ပေးနိုင်ရေး အလို့ငှာ ပြည်သူ့ လွှတ်တော်သည် အောက်တွင် ဖော်ပြသော ဥပဒေကို ပြဋ္ဌာန်းလိုက် သည်—

၁။ ဤ ဥပဒေကို မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီသို့ ထောက်ပံ့ငွေပေးရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၁၉၇၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကျိုး သက်ရောက်စေရမည်။

၃။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အတွက် တနှစ်လျှင် ကျပ် သိန်းခြောက်ရာထက်မပိုသော ထောက်ပံ့ငွေကို ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၏ နှစ်စဉ် ရ-သုံးမှန်းခြေငွေစာရင်းတွင်ထည့်သွင်း

လျှော့ထားပေးရမည်။ ထိုသို့လျှော့ထားပေးသော ထောက်ပံ့ငွေကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက ထုတ်ယူနိုင်ရန်အတွက် နိုင်ငံတော်ကောင်စီက အစီအစဉ်များပြုလုပ်ပေးရမည်။

၄။ ထောက်ပံ့ငွေ သုံးစွဲရာတွင် ပါတီသည် ရန်ပုံငွေ စည်းမျဉ်းရေးဆွဲ၍ ပါတီရန်ပုံငွေစည်းမျဉ်းအရ မိမိအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်သည်။

၅။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီသည် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၏ ရ-သုံးမှန်းခြေ ငွေစာရင်းမှ မိမိအတွက် ရရှိသော ထောက်ပံ့ငွေကို မိမိက ဦးဆောင်ဖွဲ့စည်းထားသော လူထုလူတန်းစားအဖွဲ့အစည်းများအတွက် ခွဲဝေပေးခွင့်ရှိသည်။

၆။ နိုင်ငံတော် ကောင်စီသည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီနှင့် ညှိနှိုင်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကျိုးသက်ရောက်စေရေးအတွက် လိုအပ်သည်ဟု ထင်မြင်သည့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်နိုင်သည်။